
ကြမ်းကြမ်းကြမ်း

# ကြမ်း ကြမ်း ကြမ်း

နေရာက တကယ့်ကို အထင်ကရ နာမည်ကြီးသော နေရာ အချိန်က တော့ နေဝင်စ သာသာပင် ရှိနေဦးမည် ဖြစ်လေသည် ။

ပဲခူးရိုးမကို မှီတင်း နေထိုင်သူ ဒေသခံများကတော့ ထိုနေရာကို ကျက်ဘီလူးကုန်းဟု ခေါ်ဝေါ်ကြလေသည် ။

လူနှစ်ယောက် ကုန်းတန်းလေး တစ်ခုကို ကျော်ဖြတ် နေကြကာ တစ်ယောက်ရဲ့ ပခုံးထက်မှာ တော့ ဂျိုင်ယ် တစ်ကောင်ကို ထမ်းကာ နောက်မှ လိုက်လာသူမှာ တော့ လုပ်သေနတ်ဟု ခေါ်ရမည့် အမဲလိုက် နှစ်လုံးပြူး သေနတ် တစ်လက် ရှိနေလေသည် ။

``ဗိုလ်ပိန် မြန်မြန်လျှောက်ဟ နေဝင်တော့မယ် ...´´

ဘဂျမ်းက ပြောလိုက်ရင်း လောဆော် လိုက်လေတော့သည် ။ မလောလို့ လည်း မဖြစ် ဒီနယ်မြေက တကယ်ကို နယ်မြေကြမ်း တစ္ဆေကျက် သရဲဘီလူးများ သာမက လူးကျင်းများ ပင် ရှိနေသော ဒီကျက် ဘီလူးကုန်းကို နေဝင်ပြီ ဆိုလျှင်တော့ ဘယ်သူမှ မလာချင်ကြတော့ပါ။

လူကသာ ဗိုလ်ပိန် တွင် သော်လည်း လူကတော့ ထွားကြိုင်း သန်မာပြီး သတ္တိရှိသည့် တောမုဆိုးတစ်ဦး။

``ဘဂျမ်း မင်းကဘာတွေ လောနေတာလဲ သရဲကြောက်လို့ လား သူ တို့ က လူထက် မစွမ်းပါဘူးကွ ...´´

အကြောက်အလန့် နည်းနည်းမှ မရှိသော ဗိုလ်ပိန် စကားကြောင့် ဘ ဂျမ်း ခေါင်းများ ပင် ကြီးချင် လာသလိုလို။

``ဟော့ကောင် ဗိုလ်ပိန် အဲဒါတွေ ဒီမှ မပြောနဲ့ ကွာ အိမ်ကြမှ ပြော ဒါသူတို့ နယ်ကွ ...´´

``တော်စမ်းပါ ဘဂျမ်းရာ အမည်က သာဘဂျမ်း ကြောက်တတ်တာ က နှစ်ယောက်မရှိဘူး ...´´

``ငါက လူလူချင်း မကြောက်ပါဘူးကွာ မမြင်ရတာတွေကို ကြောက်တာပါ မမြင်ရတော့ ပြန်ချမရဘူးကွ ...´´

``ဒါတော့ မသိဘူးကွာ လောလောဆယ်ဆယ် ငါဗိုက်နာလာတယ် တောတိုးဦးမယ် ...´´

``ဟာ ... ဟော့ကောင်ဗိုလ်ပိန် အိမ်ကြမှ လုပ်ပါကွ ဒီမြေ အကြောင်း မသိတာလည်း မဟုတ်ဘဲနဲ့ ...´´

မှန်ပေသည် သူတို့ က မုဆိုးများ ဖြစ်ပြီး တောကောင်လိုက်ရင်း အခု လို ညနေစောင်းမှ ပြန်လာနိုင်ကြတာ ဖြစ်လေသည် ။

ဗိုလ်ပိန်က အကြောက်အလန့် မရှိပေမဲ့ သူလဲဒီကုန်းတန်း ဘယ် လောက်ကြမ်းတယ် ဆိုတာ သိပြီးသား ဖြစ်လေသည် ။

ယခုကဲ့သို့ မထီမဲ့မြင် မလုပ်သင့်ဟု ဘဂျမ်းတွေးမိသည် ။ ဧကေ နှစ် ဆယ်ကျော်ခန့် ကျယ်သော ဒီကုန်းတန်းက အလွန် သူတို့ ရွာဆီသို့ မိနစ် နှစ်ဆယ်ခန့် လမ်းလျှောက်ရဦးမည် ဒီတော့ သူငယ်ချင်း ဖြစ်သူကို တား ရတော့သည် ။

``အေးပါ လောလောဆယ်တော့ ငါ့ဆီးအိမ်ကွဲ ထွက်တော့မယ် အပေါ့တော့ သွားရမယ် ...´´

ပြောလိုက်ရင်း သေနတ်ကို ထောက်ကာ ဗိုလ်ပိန်က အပေါ့သွားလိုက် လေတော့သည် ဘချမ်း တားချိန်ပင် မရလိုက်။

``မင်းကွာ ကန်တော့လေး ဘာလေးပြောပြီး ထိုင်ပေါက်တာ မဟုတ်ဘူး ...´´

``ဟော့ကောင် ဘဂျမ်း ကြောက်ရင် ဆေးမရှိဘူး ဆိုတာ မင်းလိုကောင်မျိုးကို ပြောတာဖြစ်လိမ့်မယ် သိလား ကန်တော့ ပြောရအောင် မင်းပြောနေတဲ့ သရဲဘီလူး ကျက်စတာတွေက သူတော်စင်တွေ မိုလို့ လား မပြောဘူးကွာ ကြောက်လည်း မကြောက်ဘူး ...´´

ဗိုလ်ပိန်က အချိန်ဆွဲ နေသောကြောင့် တဖြည်းဖြည်းနှင့် မှောင် လာပြီ ဖြစ်လေသည် ညီကိုမသိတသိ အချိန်သို့ပင် ရောက်မှန်းမသိ ရောက် လာလေသည် ။

``ဝူး ... ဖျော ...´´

``ဘုရား ဘုရား ...´´

မြေဝပ်ငှက်တစ်ကောင် သူတို့ အနီးက ထပျံသွားသည် ကို သရဲကြောက်လွန်းသော ဘဂျမ်းက ဘုရားတမိလိုက်သည် ။

``ဟားဟားဟား ... ငါ့သူငယ်ချင်း ကတော့ကွာ လုပ်စားတော့ မုဆိုးအလုပ် တလိုက်တာက ဘုရား ... မိုက်တယ်ကွာ ဟား ...´´

ဗိုလ်ပိန်က ပြောလိုက်သောအခါ မှန်နေသဖြင့် ဘဂျမ်းမှာ ဘာမှ ပြန် မပြောနိုင်တော့ပါ။

``ဟင်း ... ဟင်း ...´´

လူညည်းသံ တစ်ခုက သူတို့ နောက်နားမှ ပေါ်လာသဖြင့် ဗိုလ်ပိန် ခြေလှမ်းရပ်ပြီး လှည့်ကြည့် လိုက်တော့ ဘာမှ မရှိ။

``ဗိုလ် ... ဗိုလ်ပိန် ခုနဘာသံကြီးလဲ ...´´

ဘဂျမ်းအသံက ကြောက်ရွံ့မှုနှင့် တုန်နေပြီ ဖြစ်လေတော့သည် ထို့ကြောင့် ဗိုလ်ပိန်က အနည်းငယ် လျော့လိုက်ကာ။

``ငါစလိုက်တာပါကွ ဘဂျမ်းကလဲ ဒီမှ တွေ့လား နှစ်လုံးပြူး ဘာလာလာ ပြစ်ပြီးသားပဲ ကဲသွားသွား ...´´

ဒီတခါတော့ ဘဂျမ်းတစ်ယောက် နောက်မှ သူငယ်ချင်းဖြစ်သူ ပါမပါကိုပင် လှည့်မကြည့်တော့ဘဲ ခပ်မြန်မြန် သွားလေသည်

ခဏအကြာ ကျက်ဘီလူးကုန်းကို ကျော်မှ လှည့်ကြည့်တော့ ဗိုလ်ပိန်က ကပ်လျက်သား ပါလာသည် ထိုသို့ဖြင့် သူတို့ ရွာအတွင်း ပြန်ဝင်ခဲ့ကြပြီ ဖြစ်လေတော့သည် ။

***

``မကျေနပ်ဘူး ငါလုံးဝကို မကျေနပ်ဘူးဟေ့ ...´´

ညကြီးမင်းကြီး ထအော်သော ပိုင်းစိန် အသံကြောင့် ဘဂျမ်း နိုးသွားလေတော့သည် ။

``ပိုင်းစိန် ညနက်နေပြီ ဘာတွေ အော်နေတာလဲ ...´´

ဇနီးဖြစ်သူအား အိပ်ချင်မူးတူးဖြင့် ဘဂျမ်း မေးလိုက်သည် ။

``ငါမကျေနပ်ဘူး မင်းကိုရော ဟိုကောင်ကိုပါ တစ်ခုခုလုပ်ရမှ ငါကျေနပ်မယ် ...´´

ဝိုင်းစိန် ပြောသည် မှာ မိန်းကလေးတစ်ယောက် ဟန်ပန်ထက် ယောက်ကျားကြီး တစ်ဦး ပြောနေသလို ဖြစ်နေသည်။

``ဘဂျမ်း ... ဘဂျမ်း ဘာဖြစ်တာလဲ ...´´

တစ်ခြံဝင်း အတွင်းမှာ ဝါးထရံလေးသာ ခြားသည့် အိမ်တွေမို့ ဟိုဘက်အိမ်မှ အအိပ်ဆတ်သော ဗိုလ်ပိန် နိုးသွားပုံရကာ လှမ်းမေးလိုက်သည်။

``မသိဘူးကွ ဒီမှာ ဝိုင်းစိန် ဘာတွေပြောနေမှန်း မသိဘူး ...´´

``ဟေ ... ဟုတ်လား ငါလာခဲ့မယ် ...´´

ထိုသို့ ပြောနေကြစဉ်မှာ ဝိုင်းစိန်မှာ ရုတ်တရက် ဘဂျမ်းအားထ၍ လည်ပင်း ညှစ်လေတော့သည်။

``ဟာ ... ဝိုင်းစိန် ဘာလုပ်တာလဲ လွတ်စမ်းလွတ် ...´´

အိမ်ပေါ်တတ်လာသော ဗိုလ်ပိန်က ပြေး၍ ဆွဲလိုက်သလို ဘဂျမ်းက တွန်းဖယ် လိုက်လေသည်။

``ငါမကျေနပ်ဘူး မင်းတို့ နှစ်ယောက် တွေ့မယ် ...´´

ဝိုင်းစိန်က ဗိုလ်ပိန်ကို စေ့စေ့ကြည့်ကာ ပြော လာလေသည်။

``နေပါဦး ဝိုင်းစိန် နင်တို့ ကို ဘာမကျေနပ်နေတာလဲ ...´´

``ငါဝိုင်းစိန် မဟုတ်ဘူး ငါက ကျက်ဘီလူးကုန်းက မင်းတို့ မရှိမသေ လုပ်တာ မကြိုက်လို့ လိုက်လာတာ ...´´

``ဟာ ... ဟေ ...´´

ထိုအချိန် ဆူညံနေတာကြောင့် ဘဂျမ်းသားများ နိုးသွားသလို ဗိုလ်ပိန်ဇနီး အိပုံလည်း ဒီဘက်အိမ် ကူးလာခဲ့ပြီ ဖြစ်သည်။

``ဘာဖြစ်နေတာလဲ ကိုပိန် ...´´

မိပုံက အိမ်ပေါ် ရောက်ရောက်ချင်း သူ့ယောက်ကျားအား မေး လိုက်လေသည်။

``မသိဘူး သရဲပူးတာ ထင်တယ် ...´´

သရဲဆို သေမတတ် ကြောက်တတ်သည့် ဘဂျမ်းကတော့ နောက်သို့ ချက်ချင်း ဆုတ်လာကာ။

``ဒါဆို တို့ ဘယ်လို လုပ်ကြမလဲ ...´´

ဗိုလ်ပိန်ကို မေးလိုက်သောအခါ မိပုံက။

``ကိုကြီးဘဂျမ်း ကျွန်မနဲ့ ကလေးတွေနဲ့ ဦးကြီးသန်းဝေကို အမြန်သွားခေါ်မှ ထင်တယ် ...´´

``ဟေ ... ဟုတ်တယ် ဟုတ်တယ် သားနှစ်ယောက်ကို ခေါ်သွား အရေးကြီးတယ်လို့ လဲ ပြောဦး ...´´

ထိုအချိန် ဝိုင်းစုမှာ သူမစီးနှောင်ထားသည့် ဆံပင်များကို ဖြေချကာ ယောက်ကျ်ားတစ်ဦး ဟန်ဖြင့် ထိုင်နေလေသည်။

``လုပ်ပါဦး ဗိုလ်ပိန်ရ ဘယ်လိုလုပ်ကြမလဲ ...´´

``ကျူပ်တို့ ကို ဘာမကျေနပ်တာလဲ ပြောပါဦး ...´´

ဗိုလ်ပိန် ဘဂျမ်းမေးသည် ကို မဖြေဘဲ ဝိုင်းစိန်ကို မေးသည်။

``မင်း ... ငါတို့ မိသားစုကို ဂရုမစိုက်ဘဲ အရှက်မရှိ လုပ်သွားတာ ငါတို့ ကို မလေးစားတာပဲ လုံးဝ မကျေနပ်ဘူး ...´´

ဖိုလ်ပိန်မှာ အပူးခံနေရသော နှမဖြစ်သူ ဝိုင်းစိန်အား စေ့စေ့စိုက်ကြည့်လိုက်ပြီး။

``ဒါဆို ငါ့ကို လာလုပ်လေ မဆိုင်သူကို လုပ်စရာ ဘာအကြောင်းရှိလဲ မင်းတို့ အစွမ်းရှိရင် ငါ့ကိုလုပ် ...´´

``မင်းက စိန်ခေါ်တာလား မင်းကိုရအောင် လုပ်ပြမယ် ...´´

ထို စ ကား မှာ ယောကျ်ားဟန်ဖြင့် ဝိုင်းစိန် နောက်ဆုံးပြောကာ ကြမ်းပြင်ပေါ် ခွေခနဲ ပြန်လဲသွားကာ အိပ်ပျော်နေတော့သည် ။

``ဒုက္ခပါပဲ ဖိုလ်ပိန်ရာ မင်းက နာနာဘာဝတွေကို သွားစိန်ခေါ်နေရသလား ...´´

ရွာအတွင်းမှ ပယောဂဆရာအဖြစ် အသိများ သူ ဦးသန်းဝေ ရောက်လာသော အခါမှာ တော့ ဝိုင်းစိန်ပင် ပြန်သတိရနေပြီ ဖြစ်လေတော့သည် ။

``အဖြစ်ပျက်တော့ အဲဒါပါပဲ ဦးကြီးသန်းဝေ ကူညီပါဦး ...´´

အကြောင်းစုံကို သိသည့် ဘဂျမ်းက ရှင်းပြရင်း အကူညီ တောင်းလိုက် လေတော့သည် ။

``မောင်ပိန် အဘကို မစောင့်ဘဲ ဘာလို့ သွားစိန်ခေါ်တာလဲ သူတို့က တကယ်ဒုက္ခ ပေးလာ နိုင်တယ်ကွဲ့ ခုချိန် ငါ့တူက ကံမြင့်နေပေမဲ့ ကံနိမ့်ရင် သေချာပေါက် သူတို့ တုံ့ပြန်လာလိမ့်မယ် ...´´

``အဘကို ကျွန်တော် လေးစားပါတယ် အဘ ဒါပေမဲ့ ပရလောက

ဆိုတာကို ကျွန်တော် မကြောက်ဘူး လာစမ်းပါစေ ဗိုလ်ပိန်အကြောင်း သိသွားမယ် ...´´

ခေါင်းမာလှသော အကြောက်လန့် ကင်းသော ဗိုလ်ပိန်မှာ ဘယ်လိုမှ ပြောရတော့မည် မဟုတ်သောကြောင့် ဦးသန်းဝေ ခေါင်းကလေးခါကာ ပြန်သွားလေတော့သည်။

***